# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 16, 2019 Volume 15, Number 10


**၁၆.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၈၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၂/ကျပ် |
| CBM Rate | = ၁၅၁၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၃.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၀.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၂.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၉.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၃.၅ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၆၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၆၁ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၁၇ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၉.၅၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၅၇၃ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## မန္တလေးမြို့တွင် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းပြပွဲကျင်းပ

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်းနှင့် ၃၄ လမ်းထောင့်ရှိ ရတနာပုံစူပါစင်တာ၌ "International Gems & Jewellery Fair - 2019" ဖွင့်ပွဲ အခမ်းအနားကို ရတနာပုံစူပါစင်တာ၌ ကျင်းပပြုလုပ်ခဲ့သည်။



ဖွင့်ပွဲအခမ်းအနားအား နံနက် ၉ နာရီတွင် နိုင်ငံတော်သီချင်းဖွင့်၍ စတင်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာရဲမြင့်ဆွေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာလှမိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဒေါက်တာရဲလွင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ကြီးဦးမျိုးသစ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်း၊

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဌ ဦးလဖိုင်ခွန်ဆာ၊ မန္တလေး Yatanar Mall ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဌ ဦးကျော်သူရတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြပွဲမုခ်ဦးရှေ့တွင် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။




ထို့နောက် ရတနာပုံစူပါစင်တာ တတိယထပ် ITC Park ခန်းမတွင် ဖွင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်မှ အဖွင့်အမှာစကားပြောကြားရာ နိုင်ငံတကာတွင်လည်း ယခုကဲ့သို့ ကျောက်မျက်ရတနာပြပွဲများဖြင့် မိမိနိုင်ငံ၏ ချမ်းသာကြွယ်ဝမှု အဆင့်အတန်းကို ဖိတ်ခေါ်ပြသကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရတနာမျိုးစုံထွက်ရှိပြီး မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၌ အရည်အသွေးပြည့်မီသည့် ကျောက်မျက်ရတနာများထွက်ရှိကြောင်း၊ ယခုပြပွဲတွင် အရည်အသွေးမြင့် ကျောက်မျက်များ အပြင် အရည်အသွေးနိမ့်ကျောက်မျက်များ ကိုလည်း ပြသခြင်းဖြင့် ပြပွဲသို့ လာရောက်သည့် လူတန်းစားအလွှာအသီးသီး ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာ ဧည့်သည်များ လာရောက်သည့် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲကို ကျင်းပပေးခြင်းဖြင့် ခရီးသွား ကဏ္ဍကိုလည်း မြှင့်တင်ပေးရာရောက်ကြောင်း၊ သို့ဖြစ်၍ ပထမအကြိမ်မှသည် ရေရှည်တည်တံ့သော ပြပွဲများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေမှ အမှာစကားပြောကြားရာ ဝန်ကြီးဌာနအနေဖြင့် သဘာဝသယံဇာတများအား သားစဉ်မြေးဆက် ရေရှည်တည်တံ့ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နေကြောင်း၊ သဘာဝအရိုင်းအတိုင်း ရောင်းချမှုကိုလျှော့ချပြီး တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန် ဦးစားပေးဆောင်ရွက်လျှက်ရှိကြောင်းပြောကြားခဲ့သည်။

ထို့နောက် ပြပွဲဖြစ်မြောက်ရေးဗဟိုဦးစီးကော်မတီဥက္ကဌ ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ကြီးဦးမျိုးသစ်နှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဌ ဦးလဖိုင်ခွန်ဆာတို့မှ အမှာစကားပြောကြားခဲ့ပြီး မန္တလေး Yatarnar Mall ကျောက်မျက်ရတနာလုပ်ငန်းရှင်များကောမတီဥက္ကဌ ဦးကျော်သူရမှ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်အဖြစ် ရတနာပုံစူပါစင်တာ ဒုတိယထပ်၊ မန္တလေး Yatarnar Mall အဝင်ပေါက်ရှိ ဖန်ဘောလုံးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများမှ စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ဝန်ကြီးချုပ်မှ ရတနာပြပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းတွင် လက်မှတ်ရေးထိုးပြီး ဝန်ကြီးချုပ်ဦးဆောင်သည့် ဧည့်သည်တော်များသည် ပြပွဲအတွင်းရှိ ကျောက်မျက်ရတနာ အရောင်းပြခန်းများနှင့် ဒီဇိုင်းပြိုင်ပွဲဆုရသည့် လက်ဝတ်ရတနာများပြသထားသော Gems Museum တို့ကို လှည့်လည်ကြည့်ရှု၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

" International Gems & Jewellery Fair- 2019" ပြပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ မှ ၁၉ ရက်နေ့ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၇ နာရီထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန (မန္တလေး)**

## ယခုဘဏ္ဍာနှစ် မြန်မာ-အိန္ဒိယကုန်သွယ်မှု ဒေါ်လာ ၈၇၇ သန်းကျော်ရှိ

၂၀၁၈- ၂၀၁၉ ယခု နှစ်ဘဏ္ဍာနှစ်အတွင်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၈၇၇ သန်းကျော်ရှိတယ်လို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဆီကသိရပါတယ်။

ဇန်နဝါရီ ၁၁ က စစ်ကိုင်းမြို့၊ မြို့တော် ခန်းမမှာကျင်းပတဲ့ မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲ အခမ်းအနားမှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် က ပြောကြားခြင်းဖြစ်ပါတယ်။



ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုမှာ လက်ရှိ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ ပို့ကုန် အမေရိကန် ဒေါ်လာ ၂၉၂. ၀၃၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၀၈. ၄၀၅ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၀၀ . ၄၃၇သန်း ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ပြီး တမူးနယ်စပ်ကုန်သွယ်ရေးအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ ပို့ကုန်အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၈၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၇ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အ မေရိကန် ဒေါ်လာ ၇၇ ဒသမ ၀၂၇ သန်း ကုန်သွယ်မှုပြုလုပ်နိုင်တာကို တွေ့ခဲ့ရတယ်လို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ဆီကသိရပါ တယ်။ အိန္ဒိယနိုင်ငံရဲ့ ကုန်သွယ်မှု တံခါးနှစ်ပေါက်ဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နဲ့ ချင်းပြည်နယ်ရိဒ် နယ်စပ်ကုန်သွယ်ရေးစခန်းတွေ ဖွင့်လှစ်ထားရှိပြီး မော်တော်ကားလမ်းနဲ့ကုန်သွယ်မှုတွေကို ပြုလုပ်နေကြကြောင်း သိရပါတယ်။

**Source:** https://www.kumudranews.com/news- 31886?fbclid=IwAR10V9TgXSX7qhFCKfjbYu4GeCR7jrQdfpmkAHKCtsH5kY0stxNwnqiykII

## ဆီစက်များ FDA လက်မှတ်ရရှိရေး ဆောင်ရွက်မည်

၂ နှစ်အတွင်း မြန်မာနိုင်ငံရှိ ဆီစက်များအား ဆေးဝါးနှင့်အစားအသောက်ကွပ်ကဲရေးဦးစီးဌာန FDA ၏ အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းထံမှသိရသည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ၂ နှစ်အတွင်း မြန်မာနိုင်ငံ၌ FDA ထောက်ခံချက် လက်မှတ်ရရှိပြီးသည့် ဆီစက်ပေါင်း ၁၅၀ ခန့်အထိ ရှိလာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲမှာ တရားမဝင်ရောင်းချနေတာတွေ ပပျောက်စေဖို့နဲ့ ခိုင်မာတဲ့ဈေးကွက်ရရှိဖို့အတွက် လက်မှတ်ရရှိရေးဆောင်ရွက်သွားမှာဖြစ်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းဥက္ကဌ ဦးခင်စိုးကပြောသည်။

ဆီစက်များမှလည်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန FDA ၏ အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရေးအတွက် စက်ပိုင်းသန့်ရှင်းရေးနှင့် အဆောက်အဦးပိုင်းဆိုင်ရာ ပြင်ဆင်မှုများဆောင်ရွက်နေကြကြောင်းသိရသည်။ လတ်တလောတွင် မြန်မာနိုင်ငံ၌ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန FDA ၏ ထောက်ခံချက်လက်မှတ်ရရှိပြီးဖြစ်သည့် ဆီစက်အရေအတွက်မှာ ၅၀ ခန့်ရှိပြီဖြစ်ကြောင်းသိရသည်။ ထို့ပြင်စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်ဒုတိယသမ္မတ (၁) ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီထံတင်ပြထားကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5757

## အာမခံအပေါင်ပစ္စည်းမယူလျှင် အတိုးနှုန်း ၁၆ ရာခိုင်နှုန်းအထိ တိုးမြှင့်ယူနိုင်ဟု ဗဟိုဘဏ်ထုတ်ပြန်

ဘဏ်များက ထုတ်ချေးငွေအပေါ် အာမခံအပေါင်ပစ္စည်းမယူပါက အတိုးနှုန်း ၁၆ ရာခိုင်နှုန်းအထိ အမြင့်ဆုံးတိုးမြှင့်ရယူနိုင်ကြောင်း ဗဟိုဘဏ်က ဇန်နဝါရီ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ပြည်တွင်းဘဏ်များသည် အများပြည်သူသို့ ချေးငွေထုတ်ပေးရာတွင် အပေါင်ပစ္စည်းယူလျှင် ၁၃ ရာခိုင်နှုန်းရယူပြီး ဖေဖော်ဝါရီ ၁ ရက်ကစ၍ အပေါင်ပစ္စည်း မပါပါက အထက်ပါအတိုင်း အတိုးနှုန်းရယူနိုင်သည်ဟု ဗဟိုဘဏ်ကဆိုသည်။ ဘဏ်များက

ထုတ်ချေးငွေကို ဗဟိုဘဏ်အတိုးနှုန်း ၁ဝ ရာ ခိုင်နှုန်းထက် ၃ ရာခိုင်နှုန်းပေါင်း၍ အမြင့်ဆုံး ၁၃ ရာခိုင်နှုန်းနှင့် ဘဏ်အပ်ငွေများကို ဗဟိုဘဏ် အတိုးနှုန်းအောက် ၂ ရာခိုင်နှုန်းလျော့၍ ၈ ရာခိုင်နှုန်း ရယူနိုင်သည်ဟု ဗဟိုဘဏ်က သတ်မှတ်ထားသည်။

ဗဟိုဘဏ်က ချေးငွေထုတ်ပေးနိုင်သည့် အာမခံအပေါင်ပစ္စည်းများအဖြစ် မြေနှင့်အဆောက်အအုံ၊ ရွှေ၊ စိန်နှင့် အဖိုးတန်ကျောက်မျက်၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ၊ အပေါင်ပြန်နိုင်သည့် ငွေချေး သက်သေခံလက်မှတ်များနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ လက်ရောက်အပေါင် (Pledge)၊ ချေးငွေ အာမခံဖြင့် ချေးငွေများနှင့် ဗဟိုဘဏ်က ထပ်မံသတ်မှတ်သောအပေါင်ပစ္စည်းများပါဝင်သည်။

ယခု ထုတ်ပြန်သည့် ညွှန်ကြားချက်အရ ဗဟိုဘဏ်က အထက်ပါအပေါင်ပစ္စည်းများမှအပ အခြားအာမခံပစ္စည်း များကို ရယူ၍ဖြစ်စေ၊ အာမခံအပေါင်ပစ္စည်းမယူဘဲဖြစ်စေ ဘဏ်ထုတ်ချေးငွေကို အတိုးနှုန်း ၁၆ ရာခိုင်နှုန်းအထိ ရနိုင်ကြောင်း သတ်မှတ်ခြင်းဖြစ်သည်။ ထိုနှုန်းသည် ချေးငွေနှင့်ပတ်သက်သည့် အခကြေးငွေများ အပါအဝင် စုစုပေါင်းကောက်ခံနိုင်သည့်နှုန်းဖြစ်ပြီး မည်သည့်နည်းနှင့်မျှ ၁၆ ရာခိုင်နှုန်းထက် အတိုးနှုန်းကျော်လွန် ကောက်ခံခြင်း မပြုရဟု ဗဟိုဘဏ်ကဆိုသည်။

သို့သော် အများပြည်သူများ၏ ဘဏ်အပ်ငွေအတိုးနှုန်း ၈ ရာခိုင်နှုန်းကိုမူ မပြောင်းဘဲ ဆက်လက်တည်ရှိရမည်ဟု ဗဟိုဘဏ်ကဆိုသည်။ အပေါင်ပစ္စည်းမပါဘဲဖြစ်တဲ့အတွက်ကြောင့် ဘဏ်တွေကငွေပိုရလာမယ်။ ဒါပေမဲ့ ဆုံးရှုံး နိုင်ခြေပိုများလာမှာဖြစ်တော့ ဆုံးရှုံးနိုင်မှုနည်းသထက်နည်းအောင် လုပ်ပြီးမှချေးလို့ရမည်ဖြစ်ကြောင်း အသေးစား၊ အလတ်စားများဘဏ်၊ အမှုဆောင်အရာရှိချုပ် ဒေါက်တာဇေယျာညွှန့်ကပြောသည်။

**Source: http://www.7daydaily.com/story/147555**

## တရုတ်ပြည်ထုတ် ကြက်သွန်ဖြူတွေမှာ ဓာတုဆေး အများအပြားသုံးထားတယ်လို့ သတင်းထွက်ပေါ်



ဈေးထဲမှာ ရောင်းနေတဲ့ အမွှာကြီးကြီး ကြက်သွန်ဖြူတွေကို အရင်က ရှမ်း ကြက်သွန်ဖြူလို့ ထင်ထားခဲ့ပါတယ်။ နောက်မှသိရတာက ရှမ်းကြက်သွန်ဖြူ တွေ မဟုတ်ပါဘူး။ တရုတ်ကလာတဲ့ ကြက်သွန်ဖြူတွေလို့ သိရပါတယ်။

အောက်ပါသတင်းကတော့ ဩစတြေးလျ က ကြက်သွန်ဖြူအဖွဲ့က ဟင်နရီဘဲလ်ရဲ့ တွေ့ရှိချက်ကို ကိုးကားပြီး ရေးထားတာပါ။ တရုတ်ကြက်သွန်ဖြူတွေကို အရောင်ချွတ် ဆေး သုံးထားပါတယ်။ ကြက်သွန်ဖြူကို ပိုးသတ်မထားတဲ့ စွန့်ပစ်ညစ်ညမ်းရေမှာ စိုက်ပျိုးပြီးထွက်ရှိလာတဲ့အခါ အညှောင့်မပေါက်အောင်၊ ဖြူဖွေးနေအောင်၊ ပိုးမကျအောင် ဓါတုဆေးဖျန်းထားပါတယ်။ တရုတ် ကြက်သွန်ဖြူမှာရှိတဲ့ ဓါတုဆေးဟာ အရောင် ချွတ်ဆေး (ကလိုရင်း)ထက် အဆ ၆ဝ ပြင်းထန်ပြီး အာရုံကြောနဲ့အသက်ရှုလမ်းကြောင်း တွေကို ထိခိုက်စေမှာဖြစ်တယ်လို့ဆိုပါတယ်။

အကောင်းဆုံးကတော့ ကိုယ့်ပြည်တွင်းထုတ်ကုန်ကို သုံးစွဲခြင်းပါတဲ့။ တရုတ်ပြည်ကထွက်တဲ့ ဂျင်း ကြက်သွန်ဖြူ တွေဟာ ကမ္ဘာအနှံ့ကိုသွားပါတယ်။ ဘယ်လိုတင်ပို့ရောင်းချသလဲဆိုတာ မသိပေမဲ့လုပဖြူဖွေးပြီး ဈေးအလွန်ပေါ ပါတယ်။ GMO (မျိုးရိုးဗီဇပြောင်းလဲထားပြီးသား) တွေပဲနေမှာပါ။

ပြည်တွင်းမှာ စိုက်ပျိုးတဲ့သီးနှံတွေရဲ့အထွက်နှုန်းက ပြည်တွင်းစားသုံးမှုကို မလုံလောက်တဲ့အခါ အိမ်နီးချင်း နိုင်ငံတွေကနေ တင်သွင်းကြရပါတယ်။ ဒါပေမယ့် ဝိသမလောဘသား ကုန်သည်တချို့ကတော့ အခွန်ဆောင်ရမှာ စိုးရိမ်တဲ့အတွက်ကြောင့် မှောင်ခိုလမ်းကြောင်းကနေ စားသောက်ကုန်တွေကိုသယ်ဆောင်ပြီး နိုင်ငံတွင်းကို တင်ပို့လေ့ ရှိကြပါတယ်။ မှောင်ခိုပစ္စည်းတွေဖြစ်တဲ့အတွက်ကြောင့် FDA ရဲ့ စစ်ဆေးမှုတွေလည်း မပါဝင်ပါဘူး။ အဲဒါကြောင့် မှောင်ခိုသွင်းတဲ့ စားသောက်ကုန်ပစ္စည်းအများစုဟာ အရည်အသွေးမပြည့်မီတဲ့ပစ္စည်းတွေဖြစ်နေလေ့ရှိပါတယ်။

အထူးသဖြင့် အေးခဲအသားနဲ့ သီးနှံလိုမျိုးစားသောက်ကုန်တွေဟာ အရည်အသွေးမပြည့်မီရင် လူကိုတိုက်ရိုက် ဒုက္ခပေးနိုင်တဲ့ အမျိုးအစားတွေဖြစ်ပါတယ်။ အဲဒါကြောင့် နယ်စပ်ကုန်သွယ်လမ်းကြောင်းတွေကို လုံခြုံအောင် အစိုးရအနေနဲ့ ဆောင်ရွက်ပေးဖို့လိုသလို မိမိတို့ပြည်သူတွေဖက်ကလည်း ဘာတွေနဲ့လုပ်ထားမှန်းမသိတဲ့ တရုတ်ပြည်ကနေလာတဲ့ အစားအသောက်တွေကို ရှောင်ကျဉ်ဖို့လိုကြောင်းသိရပါတယ်။

**Source:** https://www.xyznews.co/archives/24683

## ယခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၁ ဒသမ ၁ ဘီလျံရရှိရန် မျှော်မှန်းထားပြီး ပို့ကုန်တိုးတက်ရေးနှင့် ကုန်သွယ်မှုလိုငွေ လျှော့ချနိုင်ရေး အဓိကထား ဆောင်ရွက်မည်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၁ ဒသမ ၁ ဘီလျံရရှိရန် မျှော်မှန်းထားပြီး ပို့ကုန်တိုးတက်ရေးနှင့် ကုန်သွယ်မှုလိုငွေလျှော့ချနိုင်ရေးကို အဓိကထားဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

စီးပွားကူးသန်းက ကုန်သွယ်မှုတိုးတက်ဖို့ အဓိကဆောင်ရွက်နေကြောင်း၊ နောက်တစ်ခုက ကုန်သွယ်မှုလိုငွေလျှော့ချဖို့ ဆောင်ရွက်နေတယ်။ ကုန်သွယ်မှုလိုငွေလျှော့ချဖို့ဆိုတာ သွင်းကုန်တွေကို လျှော့ချတဲ့ကိစ္စက အရမ်းစဉ်းစားလို့မရတဲ့ကိစ္စဖြစ်နေတယ်။ နိုင်ငံအတွက်လိုအပ်တဲ့ စက်သုံးဆီလိုဟာမျိုး စားအုန်းဆီလိုဟာမျိုးတွေ နောက်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်တယ်ဆိုတာမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးပစ္စည်းတွေ တင်သွင်းတဲ့အခါ ဒါကိုလျှော့ချဖို့ဆိုတာ တစ်ဖက်ကစဉ်းစားရမယ့်အပိုင်းတွေရှိလာတယ်။ ဒါကြောင့်မို့ ကုန်သွယ်မှုလိုငွေကမရှိတာ မဟုတ်ဘူး။ ရှိနေတယ်။ သို့သော် ကုန်သွယ်မှုလိုငွေ လျှော့ချဖို့အတွက်က အဓိကက ပို့ကုန်တိုးတက်ရန်လိုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် သုံးလခန့်တွင် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၇၃၀၀ ကျော်ရှိပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၅၃၀ ကျော်ပိုမိုရရှိထားသော်လည်း ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၈၇၀ နီးပါးအထိရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရ သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက် မှ ဒီဇင်ဘာ ၂၁ ရက် အထိ ပြည်ပကုန်သွယ်မှုပမာဏ ဒေါ်လာ သန်း ၇၃၀၀ ဒသမ ၅၁၈ ရရှိထားသည်။

သို့သော် ယခင်နှစ် ကာလတူတွင်မူ ဒေါ်လာ ၆၈၀၆ ဒသမ ၅၄၄ သန်းအထိသာ ရရှိထားသည့်အတွက် ယခုဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၅၃၆ ဒသမ ၉၇၄ သန်းအထိ ပိုမိုရရှိထားခြင်း ဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်လကျော်အတွင်း ပြည်ပကုန်သွယ်မှုကို လေ့လာကြည့်ပါက မြန်မာ နိုင်ငံက တင်ပို့သည့်ပို့ကုန်ကဏ္ဍမှ ရရှိသော ဝင်ငွေသည် ဒေါ်လာ ၃၂၆၃ ဒသမ ၉၄၇ သန်းကျော်သာ ရရှိထားပြီး ပြည်ပမှ တင်သွင်းထားသည့်သွင်းကုန်ပမာဏသည် ဒေါ်လာ ၄၁၃၃ ဒသမ ၅၇၁ သန်းအထိ တင်သွင်းထားသည်။ ထို့ကြောင့် သွင်းကုန်ပမာဏသည် ပို့ကုန်ပမာဏထက် ဒေါ်လာ ၈၆၉ ဒသမ ၆၂၄ သန်း ပိုများနေသောကြောင့် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၈၇၀ နီးပါးအထိ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်းသိရသည်။

ကုန်သွယ်မှုတိုးတက်စေရေး ပို့ကုန်ကဏ္ဍတွင်အရေအတွက်သာမက အရည်သွေးတိုးမြှင့်ခြင်း ဆောင်ရွက်မှုအပြင် သွင်းကုန်ကဏ္ဍတွင် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်ကူပြုမည့် အရင်းအနှီးကုန်ပစ္စည်းများကို ပိုမိုတင်သွင်းသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

**Source:** https://news-eleven.com/article/70354

## ချင်းတောင်ထွက်ထောပတ်သီးများ အဝယ်လိုက်ပြီး ဈေးကောင်းရနေ

ချင်းပြည်နယ် မြောက်ပိုင်းတွင် စိုက်ပျိုးမှုများပြားသည့် ဆောင်းထောပတ်သီးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်သည့် အတွက် ကားကြီး၊ ကားငယ်ဖြင့် ကလေးသစ်သီးဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

မန္တလေး၊ မုံရွာထောပတ်သီး ဝယ်ယူသူတို့အဆိုအရ ချင်းပြည်နယ်ထွက် ထောပတ်သီးကို မုံရွာ၊ မန္တလေးမှ တစ်ဆင့် မြန်မာ-တရုတ်နယ်စပ် မူဆယ်မှဝယ်ယူမှုများပြားနေကြောင်း ထောပတ်သီးတစ်တန်လျှင် အမေရိကန်

ဒေါ်လာ ၁၂၀ဝ ဝန်းကျင်အထိရရှိနေပြီး ထိုင်းနိုင်ငံဘက်တွင် ထောပတ်သီးတစ်ကီလို ဘတ် ၃၀ ဝန်းကျင် ရရှိကြောင်းသိရသည်။

ချင်းတောင်ထောပတ်သီး စိုက်ပျိုးသူတွေအနေနဲ့ ကလေးမြို့ဈေးကွက်ကို အားကိုးပြီး တင်ပို့ရောင်းချရတာ ဖြစ်ကြောင်း၊ ကလေးမြို့ဈေးကွက်ကတစ်ဆင့် မုံရွာ၊ မန္တလေးပွဲရုံတွေကိုရောက်ပါတယ်။ နောက်ဆုံး တရုတ် နယ်စပ်အထိ ပွဲစားအဆင့်ဆင့်နဲ့ သွားရောက်ရောင်းချရတာမျိုးဖြစ်ပါတယ်။ တိုက်ရိုက်တရားဝင်ရောင်းချ ရမယ် ဆိုရင် ကျွန်တော်တို့ ထောပတ်သီးပင်စိုက်တောင်သူတွေအနေနဲ့ အကျိုးဖြစ်ထွန်းမှုများပြားလာမှာဖြစ်သလို စီးပွားရေး၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မြန်ဆန်လာမှာဖြစ်ကြောင်း ၎င်းကသုံးသပ်ပြောဆိုသည်။

နယ်စပ်ရောင်းဝယ်ရေးတွင် တရားဝင်ရောင်းချခွင့်ရရှိပါက ထောပတ်သီးတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀ဝ၀ ဝန်းကျင်အထိ အမှန်တကယ်ပေါက်ဈေးရှိကြောင်းသိရသည်။ ထို့ကြောင့် ချင်းပြည်နယ် ထောပတ်သီးပင် စိုက်တောင်သူများအနေဖြင့် ထောပတ်သီးပင် တစ်ဧကစိုက်လျှင် အမေရိကန်ဒေါ်လာ ၉၀ဝ၀ ဝန်းကျင်အထိ ရရှိနိုင်မည်ဖြစ်ကြောင်း မူဆယ်နယ်စပ်ရောင်းဝယ်ရေးသို့ ထောပတ်သီးသွားရောက်ရောင်းချသူတစ်ဦးက ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/119575.html

## တရုတ်နယ်စပ်မှ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုဝင်ငွေ ကန်ဒေါ်လာသန်း ၁၃၀ ကျော်လျော့ကျ

ယူနန်ပြည်နယ်တွင် လုံခြုံရေး တင်းကျပ်မှုကြောင့် နယ်စပ်ကုန်သွယ်ရေးဖြင့် ဆန်နှင့် ဆန်ကွဲတင်ပို့မှု ပမာဏလျော့ကျ ပြီး ဝင်ငွေကန်ဒေါ်လာသန်း ၁၃၀ ကျော် လျော့နည်းခဲ့သည်။ အောက်တိုဘာကစတင်ခဲ့သည့် ယူနန်နယ်စပ် လုံခြုံရေးတင်းကျပ်ထားမှုက မြန်မာပို့ကုန်များအတွက် အခက်အခဲဖြစ်ပြီး သုံးလကျော်ကြာ ကုန်သွယ်ရေးနေးကွေးမှု သည် မြန်မာနိုင်ငံနယ်စပ်မှ ဆန်နှင့်ဆန်ကွဲတင်ပို့မှု ၃၀ ရာခိုင်နှုန်းကျော်လျော့နည်းခဲ့သည်။

၂၀၁၈ ကိုးလအတွင်း တရုတ်နိုင်ငံသို့ နယ်စပ်မှ ဆန်နှင့် ဆန် ကွဲတင်ပို့မှု တန်ချိန် ၈ ဒသမ ၉ သိန်းကျော်သာ ရှိခြင်းကြောင့် ပြီးခဲ့သည့် ကာလတူထက် တန် ချိန် ၄ ဒသမ ၃ သိန်းကျော် လျော့ နည်းခဲ့သည်။ ၂၀၁၈ ဧပြီမှ ဒီဇင်ဘာကုန်အထိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၃ သိန်းကျော် တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် စာရင်းများတွင်ဖော်ပြထားသည်။

လက်ရှိ ရန်ကုန်ဈေးကွက် တွင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရန် ဝယ်လိုအား လျော့နည်းပြီး ပြည်တွင်းစားသုံးမှုနှင့် ပင်လယ် ရေကြောင်းမှ တင်ပို့လိုသူများ၏ ဝယ်လိုအားသာရှိကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။ ထို့အပြင် တရုတ်နှစ်သစ်ကူး ပွဲတော်ရက်နီးလာချိန်တွင် မြန်မာနိုင်ငံမှပို့ကုန်တင်ပို့မှုသည် ပုံမှန်အခြေအနေတွင်သာရှိနေကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။

နှစ်သစ်ကူးရက်များအတွင်း ကုန်သွယ်မှုရပ်ထားရသည့် အခြေအနေရှိနေသော်လည်း လက်ရှိတွင် ဆန်၊ ပြောင်းဖူးစေ့၊ သကြားနှင့် ဖရဲ၊ သခွားမွှေးတို့ ပုံမှန် ရောင်းချနေရသည်ဟု ၎င်းတို့ကပြောသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ယူ နန်ပြည်နယ်သို့ ရောင်းချနေသည့် ဆန်နှင့် ဆန်ကွဲလည်း ယခုရက်ပိုင်းတွင် တစ်ရက်လျှင် အိတ်ရေ ၃၀,၀၀၀ ကျော် ရောင်းချနေရ သည်။ ဆန်တစ်အိတ်၏ ဈေးနှုန်း က ယခုရက်ပိုင်းတွင် ၁၀၉ ယွမ်(ကျပ် ၂၄,၆၀၀ ကျော်)မှ ၁၁၅ ယွမ် (ကျပ် ၂၆,၀၀၀) ခန့် ရရှိနေ သည်။ ပြီးခဲ့သည့်နှစ်က မူဆယ်မှ ယူနန်ပြည်နယ်သို့ ဆန်တင်ပို့ရာ တွင် ယခုကဲ့သို့ ဇန်နဝါရီများတွင် တစ်ရက်လျှင် အိတ်ရေ ငါးသောင်းခန့် အနည်းဆုံးတင်ပို့နိုင်ခဲ့သည် ဟု မူဆယ် ဆန်ကုန်စည်ဒိုင် အသင်းဝင်တစ်ဦးကပြောသည်။

တရုတ်နိုင်ငံက နယ်စပ်တွင် လုံခြုံရေးတင်းကျပ်ထားခြင်းကြောင့် မူဆယ်နယ်စပ်မှ ပို့ကုန်ပမာဏသည် ယခု ဘဏ္ဍာနှစ်သုံးလအတွင်း ကန်ဒေါ်လာသန်း ၅၇၀ ကျော် လျော့နည်းခဲ့သည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်သုံးလအ တွင်း မူဆယ်နယ်စပ်မှ ပို့ကုန်ပမာ ဏကန်ဒေါ်လာသန်း ၅၀၀ ကျော် သာ တင်ပို့နိုင်သည်။ ၂၀၁၇ က လတူသုံးလအတွင်း ပို့ကုန်ပမာ ဏကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကျော် တင်ပို့ထားသည်။ ယူနန်အစိုးရက ၂၀၁၈ အောက်တိုဘာ လဆန်းကစတင်ပြီး နယ်စပ်တွင် လုံခြုံရေးတိုးမြှင့်ချထားခြင်းကြောင့် မြန်မာနိုင်ငံမှ ဆန်၊ ပြောင်းဖူးစေ့၊ သကြားများ ယခင်ကဲ့သို့ တင်ပို့နိုင်ခြင်းမရှိကြောင်း မူဆယ်မှကုန်သည်အချို့ကပြောသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1523-rice.html

## တရုတ်နှစ်သစ်ကူးကာလဖြစ်သည့်အတွက် တရုတ်သို့ နွားတင်ပို့မှုပမာဏနည်းပါး

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ကျွဲ နွားတင်ပို့မှုများ တရားဝင်ခွင့်ပြုပေးထားပြီး တရုတ်နှစ်သစ်ကူးကာလဖြစ်သည့်အတွက် တရုတ်နိုင်ငံသို့ နွားတင်ပို့ရမှုမှာနည်းပါးနေကြောင်း မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွား တင်ပို့ရောင်းချသူများအသင်းကသိရသည်။

ယခုလအတွင်း တရုတ်နိုင်ငံသို့နွားတင်ပို့ရမှုမှာ ဝယ်ယူလိုသည့်ကုမ္ပဏီနှင့် ကြိုတင်ချိတ်ဆက်ထားသည့် ကုမ္ပဏီအနည်းစုသာတင်ပို့နေပြီး ကုမ္ပဏီအများစုမှာ တင်ပို့မှုနားထားရကြောင်းသိရသည်။ ယခုနှစ်တွင် ယခင်နှစ်ကထက် ဝယ်လိုအားမြင့်တက်နေလျက်ရှိနေပြီး မူဆယ်ကုန်သွယ်ရေးဇုန်အရောက် နွားကြီးတစ်ကောင် (ခန့်မှန်းပိဿာချိန် ၁၀၀ နှင့်အထက်)တွင် သိန်း ၂၀ ကျော်ရပြီး၊ အကောင်သေးနွားများမှာ သိန်း၂၀ အောက်ပေါက်ဈေးရှိကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏၂၀၁၈ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံတွင်ကျွဲ ၊ နွားကောင်ရေ စုစုပေါင်း ၁၁ ဒသမ ၅သန်း၊ နွားမကောင်ရေ ၅ ဒသမ ၇၅သန်း၊ သားစပ်နိုင်သောနွားမကောင်ရေ ၁ ဒသမ ၇၃သန်း၊ ဖီးရရှိနိုင်သောကောင်ရေ ၁ ဒသမ ၅၆သန်း၊ သားပေါက်ကောင်ရေ ၁ ဒသမ ၄သန်း ၊ နွားလေးကောင်ရေ ၁ ဒသမ ၂၆ သန်း၊ ဈေးကွက်ပို့သည့်ကောင်ရေ ၁ ဒသမ ၁သန်း၊ ပြည်တွင်းစားသုံးမှု ၀ ဒသမ ၄သန်း၊ နှစ်စဉ်ပိုလျှံကောင်ရေ ၀ ဒသမ ၇ သန်းရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/penzarnews/posts/2158525400874309

## STOCK EXCHANGE (16.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 16th Jan. 2019


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,700 | -200 | -2.02% | 9,900 | 9,900 | 9,700 | 711 | 6,898,900 | 27,112,747 | 262,994 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 2,297 | 6,776,450 | 38,929,150 | 116,787 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 86 | 619,200 | 10,400,986 | 74,887 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,000 | 144 | 3,183,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 14 | 39,200 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.82 | -2.55 | -0.64% | 401.37 | 401.37 | 398.82 | 3,252 | 17,517,250 | 5 | 544,485 |


**Index chart**




### Market Overview

As of 1:00 pm, 16th Jan. 2019

| MYANPIX | 398.82 ▼ 2.55 |
|---|---|
| Total Volume (shares) | 3,252 |
| Total Value (MMK) | 18 mil |
| Listed Company | 5 |
| Market Cap. (MMK) | 544,485 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,700 | ▼ 200 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |